“အသံ”

# ကွန်ဖြူးရှပ်အင်စတီကျူကျောင်းသည် တရုတ်နှင့်သက်ဆိုင်သည်၊ တစ်ကမ္ဘာလုံးနှင့်လည်းသက်ဆိုင်ပါသည်

လတ်တလောအချိန်တွင်ကွန်ဖြူးရှပ်အင်စတီကျူကျောင်းသည် တန်းတူညီမျှရှိသော၊ အတူတကွမျှဝေသော၊ ငြိမ်းချမ်းသာယာသော၊ အတူတကွရပ်တည်သော တရုတ်နိုင်ငံနှင့် နိုင်ငံခြားယဉ်ကျေးမှုဖလှယ်ရေး၏ အမှတ်တံဆိပ်တစ်ခုဖြစ်နေပါသည်။ ကွန်ဖြူးရှပ်အင်စတီကျူ(၅၂၅)ခုနှင့် ကွန်ဖြူးရှပ်စာသင်ခန်း(၁၁၁၃)ခုတို့သည် ကမ္ဘာအနှံ့နိုင်ငံနှင့် ဒေသ(၁၄၆)ခုတွင်ဖြန့်ကျက်လျက်ရှိနေပါသည်။ တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတရှီကျင့်ဖျင်သည် တစ်ကမ္ဘာလုံးတွင်ကွန်ဖြူးရှပ်အင်စတီကျူကျောင်းတည်ထောင်ခြင်း အနှစ်(၁၀)ပြည့်ခြင်းနှင့် “ကွန်ဖြူးရှပ်နေ့” အတွက် မင်္ဂလာစကား ပြောကြားသည့်အခါတွင်လည်း ကွန်ဖြူးရှပ်အင်စတီကျူကျောင်းသည် တရုတ်နှင့်ဆိုင်သည်၊ တစ်ကမ္ဘာလုံးနှင့်လည်းသက်ဆိုင်ပါသည်ဟု ပြောကြားခဲ့သည်။ ထိုစကားတစ်ခွန်းတွင် အောက်ဖော်ပြမည့် အနှစ်သာရများပါဝင်သည်။

ကွန်ဖြူးရှပ်အင်စတီကျူကျောင်းသည် တရုတ်နိုင်ငံပုံပြင်များကိုထုတ်လွှင့်ပေးသော ရေဒီယိုတစ်ခုဖြစ်သကဲ့သို့ပြည်သူလူထုများစိတ်ချင်းနီးစပ်စေရန် အထောက်အကူပြုပေးသည်။ ကွန်ဖြူးရှပ်ကျောင်းမှ တရုတ်ဘာသာစကားများ သင်ကြားပေးခြင်းကိုကြားခံထားကာ တရုတ်နိုင်ငံပြည်တွင်းပြည်ပပြည်သူလူထုများကို အတွင်းစိတ်ဖြင့်ပေါင်းသင်းနိုင်အောင် ဖော်ဆောင်ပေးနိုင်ခြင်းဖြစ်သည်။ ဥပမာ-Hamburg University ကွန်ဖြူးရှပ်အင်စတီကျူကျောင်းသည် ဒေသဂျာမနီပြည်သူလူထု၏ လူမှုရေးယဉ်ကျေးမှုစင်တာအဖြစ်တည်ဆောက်ပေးနိုင်ခဲ့သည်။ ထိုနေရာတွင် တရုတ်ဂျာမနီ နှစ်နိုင်ငံပြည်သူလူထုများသည် ပုံမှန်နေထိုင်လှုပ်ရှားမှုများဖြင့်နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုခိုင်မာသွားစေသည်။

ကွန်ဖြူးရှပ်အင်စတီကျူကျောင်းသည် အပြည်ပြည်ဆိုင်ရာ လူမှုရေးနယ်ပယ်မှာ တရုတ်နိုင်ငံကိုချစ်ခင်သောစိတ်ဓာတ်များရော လူသားများ၏ဘုံကံကြမ္မာအတွေးပါ ပျိုးထောင်ပေးခြင်းပင် ဖြစ်ပါသည်။ “လူသားများ၏ ဘုံကံကြမ္မာအသိုက်အဝိုင်းကို အတူတည်ထောင်ရန်ကြိုးပမ်းအားထုတ်ခြင်း” ခေါင်းစဉ်ဖြင့် ယမန်နှစ်နှစ်ဆုံးပိုင်းအချိန်တွင် (၁၂)ကြိမ်မြောက်တစ်ကမ္ဘာလုံးဆိုင်ရာ ကွန်ဖြူးရှပ်အင်စတီကျူကျောင်းအစည်းအဝေးကို ကျင်းပခဲ့သည်။ ကွန်ဖြူးရှပ်အင်စတီကျူကျောင်းတည်ရှိသည့်နေရာသည် လူသားများ၏ဘုံကံကြမ္မာအတွေးများကိုပျံ့ပွားပေးသောနေရာဖြစ်သင့်ပြီး ယဉ်ကျေးမှုဖလှယ်နိုင်သောနေရာလည်း ဖြစ်သင့်ပါသည်။

လူသားများ၏ ဘုံကံကြမ္မာအတွေးများကိုပျံ့ပွားပေးခြင်းသည် ကွန်ဖြူးရှပ်အင်စတီကျူကျောင်း၏ အများအကျိုးပြုလုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ တရုတ်နိုင်ငံကွန်မြူနစ်ပါတီ၏ မလွဲမသွေဆောင်ရွက်ရမည့်လုပ်ဆောင်ချက်ကို ပျံ့ပွားပေးခြင်းဖြစ်သည်။ လူသားများ၏အကျိုးစီးပွားကိုဖြစ်ထွန်းစေသည်။ တရုတ်နိုင်ငံနှင့် နိုင်ငံခြားအကြားအကောင်းဆုံးဆက်ဆံမှုသည် “အများကောင်းကျိုးကိုဆောင်ရွက်ပေးလျှင် လူအများက အလိုအလျောက်ဂရုစိုက်လေးစားကြမည်ဖြစ်သည်။” တရုတ်နိုင်ငံပုံပြင်များကို ကောင်းစွာပြောပြခြင်း၊ တရုတ်နိုင်ငံအသံများကို ကောင်းစွာပျံ့ပွားစေခြင်း၊ တရုတ်နိုင်ငံ၏ ထူးခြားချက်များကို ကောင်းစွာဖော်ဆောင်ပေးခြင်းစသည်များကို ဆောင်ရွက်နိုင်ရန်အတွက် ပြောပြထိုက်သော တရုတ်ပုံပြင်များရှိရမည်ဖြစ်သည်။ ထုတ်လွှင့်ပျံ့ပွားနိုင်သော တရုတ်နိုင်ငံအသံများ ရှိရမည်ဖြစ်သည်။ အနှစ်သာရများဖော်ဆောင်ပေးနိုင်သော တရုတ်နိုင်ငံထူးခြားချက်များရှိရမည်ဖြစ်သည်။ အဆိုပါပုံပြင်များ၊ အသံများ၊ ထူးခြားချက်များသည် တရုတ်နိုင်ငံနှင့်သက်ဆိုင်မည်ဖြစ်သည်။ သို့သော်တရုတ်နိုင်ငံ၏ ကြံ့ဖွံ့တရုတ်ရိုးရာယဉ်ကျေးမှုများသာပါဝင်နေခြင်းမဟုတ်ပေ။ တရုတ်နိုင်ငံ၏“ယဉ်ကျေးမှုယုံကြည်ချက်”အနက် “ယဉ်ကျေးမှု”သည် တော်လှန်ရေးယဉ်ကျေးမှု၊ အထူးသဖြင့် တရုတ်နိုင်ငံ၏ ထူးခြားသော ဆိုရှယ်လစ်စနစ်တွင် လက်တွေ့ကျင့်သုံးနေသော တရုတ်နိုင်ငံထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်ယဉ်ကျေးမှုများလည်းပါဝင်သည်။

စာရေးသူ-ယူခေါ်

(《ပြည်သူ့နေ့စဉ်သတင်းစာ》 နိုင်ငံခြားကော်လံမှထုတ်နုတ်ထားသည်။ အကျဉ်းချုံးထားခြင်းရှိသည်။ စာရေးသူသည်ထုံကျီတက္ကသိုလ်မှ တရုတ်-ဂျာမနီ လူမှုရေးယဉ်ကျေးမှု အကယ်ဒမီစင်တာမှ သုတေသီဖြစ်သည်။)

“ခရီးသွားခြင်း”

# တရုတ်နိုင်ငံခရီးသွားဧည့်သည်များသည် နှစ်သစ်ကူးရုံးပိတ်ရက်များတွင် လန်ချန်း-မဲခေါင်မြစ်ဝှမ်းနိုင်ငံများသို့ သွားရောက်လည်ပတ်ခြင်းကို ကြိုက်နှစ်သက်ကြ

တရုတ်နိုင်ငံ၏ နှစ်သစ်ကူးပိတ်ရက်(၇)ရက်သည် မကြာသေးမီက ပြီးဆုံးသွားပြီဖြစ်သည်။ နိုင်ငံခြားဖလှယ်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုခိုင်မာလာခြင်းနှင့် အပြန်အလှန်ချိတ်ဆက်ရန်အရှိန်အဟုန်မြှင့်တင်ခြင်းနှင့်အတူ တရုတ်နှစ်သစ်ကူးပိတ်ရက်များတွင် တရုတ်နိုင်ငံခရီးသွားဧည့်သည်တော်များသည် ယူနန်မှထွက်ခွာပြီး လန်ချန်း-မဲခေါင်မြစ်ဝှမ်းနိုင်ငံများကို အဓိကခရီးသွားနေရာအဖြစ် နယ်စပ်ခရီးစဉ်နှင့် နယ်ခြားခရီးစဉ်လက်တွေ့ခံစားကြသည်။ ခရီးသွားခြင်းသည် ပိုမိုလွယ်ကူလာကြသည်။ လူအများခရီးထွက်လာကြသည်။ မှတ်တမ်းများအရ ယူနန်ပြည်နယ်တွင် နှစ်သစ်ကူးအချိန်ကာလ(၆)ရက်တာ အချိန်အတွင်းတွင် ခရီးသည်ဦးရေ (၅. ၁၉၆၉)သန်းလာရောက်လည်ပတ်ခဲ့ကြောင်း သိရှိရပါသည်။ နယ်စပ်ဒေသတစ်ရက်တာခရီးစဉ်အတွက် လူဦးရေ(၅၆၉၀၀)ဦးရှိခဲ့သည်။ ခရီးသွားပျမ်းမျှကိန်းသည် (၅၀. ၃၄%) ရှိခဲ့ပါသည်။

ကူမင်းခရီးသည် ရိမ်ဟောက်မင်နှင့်သူငယ်ချင်းသည် ထိုင်းနိုင်ငံတွင် နှစ်ဟောင်းနောက်ဆုံးနေ့ကို အတူကူးခဲ့ကြသည်။ သူသည်သူ၏ Momentတွင် Samui ကျွန်းမှာ ရိုက်ကူးခဲ့သောဓာတ်ပုံများတင်လိုက်သောအခါတွင် ကြိုက်နှစ်သက်မှု Likeများစွာ ရရှိခဲ့ပါသည်။ “ယခုအကြိမ်ခရီးသွားခံစားချက်မှာ ယူနန်မှအရှေ့တောင်အာရှနိုင်ငံများသို့ ခရီးသွားခြင်းသည် ပိုမိုလွယ်ကူလာခြင်းပင်ဖြစ်သည်။”ဟု ခရီးသွားခြင်းကို ကြိုက်နှစ်သက်သော ရိမ်ဟောက်မင်သည် သတင်းထောက်ကိုပြောပြသည်။ “ယူနန်နှင့် အရှေ့တောင်အာရှ အထူးသဖြင့် လန်ချန်း-မဲခေါင်မြစ်ဝှမ်းနိုင်ငံများအကြား လေကြောင်းလိုင်းများတိုးချဲ့ပျံသန်းလျက်ရှိသည်။ ဆိုက်ရောက်ဗီဇာသည် ဗီဇာအမျိုးအစားတစ်မျိုးရွေးချယ်ရန် တိုးလာပါသည်။ Alipay၊ wechat pay စနစ်များကိုလည်းအသုံးများလာကြသည်။ ဟိုတယ်များတွင် ကြိုဆိုစာများရရှိခြင်း၊ ဟင်း menuများတွင် တရုတ်စာဖြင့်ရေးသားဖော်ပြထားခြင်းများရှိလာကြပါသည်။ “နှစ်သစ်ကူးအချိန်ကာလ နိုင်ငံခြားတွင်လည်း တရုတ်စတိုင်လ်၊ ယူနန်စတိုင်လ်များကို ခံစားနိုင်နေပြီဖြစ်သည်။”ဟု သူကပြောပါသည်။

“ကျွန်တော်တို့ ခရီးသွားကုမ္ပဏီမှ တရုတ်နှစ်သစ်ကူးအချိန်တွင် အရှေ့တောင်အာရှနိုင်ငံများသို့ Tour package၊ FIT၊ ကိုယ်ပိုင်ကားဖြင့် လည်ပတ်ခြင်း၊ အိမ်ကားဖြင့်လည်ပတ်ခြင်းစသည့်ခရီးစဉ်များသည် အစောကြီးပင်ရောင်းကုန်သွားပြီဖြစ်သည်။”ဟု ယူနန်ပန်ဒါအပြည်ပြည်ဆိုင်ရာ ခရီးသွားကုမ္ပဏီမှအထွေထွေမန်နေဂျာ ကျောက်ကျာရှင်က သတင်းထောက်အားထိုကဲ့သို့ ပြောပါသည်။ ယမန်နှစ်နှင့်နှိုင်းယှဉ်ပါကယခုနှစ်တရုတ်နှစ်သစ်ကူး အချိန်ကာလတွင် အရှေ့တောင်အာရှခရီးစဉ်များက အလွန်ရေပန်းစားပါသည်။ ၎င်းအနက် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုနိုင်ငံစသည့် လန်ချန်း-မဲခေါင်မြစ်နိုင်ငံများကို ကြိုက်နှစ်သက်သူ ပိုမိုများပြားသည်။ “အချိန်နှင့်စျေးနှုန်းကုန်ကျစရိတ်သက်သာခြင်း၊ ရာသီဥတုကောင်းမွန်ခြင်း၊ ပင်လယ်ကျွန်းဆွယ် ခရီးသွားအရင်းအမြစ်ပေါများခြင်းတို့သည် ယူနန်ခရီးသည်များကိုဆွဲဆောင်နေသောအဓိကအကြောင်းအရင်းများဖြစ်ပေသည်။






ကူမင်းအကောက်ခွန်ဦးစီးဌာန၏ မှတ်တမ်းများအရ ဖေဖော်ဝါရီလ(၁၅)ရက်နေ့မှ (၁၉)ရက်နေ့အထိ ဟော်ခိုအကောက်ခွန်ဌာနမှလူဦးရေ(၃၃၆၄၂)ဦးဖြတ်သန်းသွားလာခြင်းရှိကြောင်း သိရပါသည်။ ယခင်ထက်(၁၄. ၄၆%)တိုးမြှင့်လာသည်။ မိုင်းလားအကောက်ခွန်ဌာနမှာ လူဦးရေ(၂၅၆၀၆)ဦးဖြတ်သန်းသွားလာခြင်းရှိခဲ့ကြောင်းသိရပါသည်။ မော်တော်ယာဉ်အစီးရေ(၅၇၄၇)စီးကို စစ်ဆေးပြီးသွားလာခွင့်ပြုခဲ့သည်။ ရွှေလီအကောက်ခွန်ဌာနမှ တရုတ်မြန်မာနယ်စပ်တစ်ရက်တာခရီးစဉ်သွားလာလည်ပတ်သူ ခရီးသည်ဦးရေ(၄၂၅၄)ဦး ဖြတ်သန်းသွားလာခွင့်ပြုခဲ့ကြောင်း သိရပါသည်။

ပြည်နယ်တစ်ခုလုံးတွင် ပျံသန်းသောလေယာဉ်ပေါင်း (၁၅၄၇)စီးရှိပြီး ခရီးသည်ဦးရေ (၁၈. ၇၂)သောင်းကို ပို့ဆောင်ပေးနိုင်သည်။ ကူမင်းမှထွက်ခွာသောမီးရထား(၁၃၆)စီးရှိပြီး ခရီးသည်ဦးရေ(၂၆. ၃၅)သောင်းကို ပို့ဆောင်ပေးနိုင်ခဲ့သည်။ ယူနန်မှထွက်ခွာသောယူနန်သို့ဝင်ရောက်သောခရီးသည်နှုန်းသည် (၇၈. ၅၂%)နှင့် (၈၄. ၅၇%)အသီးသီးရှိပါသည်။

သတင်းထောက် ကျူဟိုင်